# Six Core Principles – Sexual Exploitation and Abuse

*Updated October 2019 based on the Inter-Agency Standing Committee (IASC) secretariat*

*revision of 12.09.2019*

1. Sexual exploitation or sexual abuse by humanitarian workers constitute acts of gross misconduct and are therefore grounds for termination of employment.

   လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း တို့သည် လုံးဝလက်ခံနိုင်ဖွယ်မရှိသော ကျင့်ဝတ်ဖောက်ဖျက်မှု များဖြစ်ပြီး၊ အလုပ်တာဝန်မှ ရပ်စဲခြင်းခံရသည်အထိ အရေးယူခြင်းခံရမည်။

2. Sexual activity with children (persons under the age of 18) is prohibited regardless of the age of majority or age of consent locally. Mistaken belief regarding the age of a child is not a defence.

   အများက လက်ခံ ခွင့်ပြုထားသည့် အသက်အရွယ်၊ သို့မဟုတ်၊ ကလေးငယ်နေထိုင်သည့် ဒေသတွင် သဘောတူ လက်ခံထားသည့် အသက်အရွယ် ရှိသော အခြေအနေမျိုးတွင်ပင် ၎င်းကို ထည့်သွင်း မစဉ်းစားဘဲ၊  ကလေး ငယ်များ (အသက် ၁၈ နှစ် မပြည့်သေးသူများ) နှင့် လိင်ပိုင်းဆိုင်ရာကိစ္စများအား တားမြစ်သည်။ ကလေးငယ်၏ အသက်ကို ခန့်မှန်းရာတွင် မှားယွင်းသွားသည် ဟူသော ချေပချက်ကို လက်ခံမည် မဟုတ်ပါ။

3. Exchange of money, employment, goods, or services for sex, including sexual favours or other forms of humiliating, degrading or exploitative behavior is prohibited. This includes exchange of assistance that is due to beneficiaries.

   လိင်ဆက်ဆံရန် အတွက် အခွင့်အရေး တောင်းခံခြင်း၊ သို့မဟုတ်၊ နှိမ့်ချသော၊ သိမ်ငယ်စေသော၊ အလွဲသုံးစား ပြုသော အမူအကျင့်များ အပါအဝင် လိင်ဆက်ဆံရန် အတွက်၊ ငွေကြေး၊ အလုပ်အကိုင် အခွင့်အရေး နှင့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ နှင့် လဲလှယ်ခြင်းကို တားမြစ်သည်။ ထိုအထဲတွင် အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ကူညီမှု များကို အသုံးချ၍ လိင်မှုကိစ္စ အလဲအလှယ် ပြုလုပ်ခြင်း လည်း အပါအဝင်ဖြစ်သည်။

4. Any sexual relationship between those providing humanitarian assistance and protection and a person benefitting from such humanitarian assistance and protection that involves improper use of rank or position is prohibited.  Such relationships undermine the credibility and integrity of humanitarian aid work.

   လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ၊ အကာအကွယ်ပေးသူနှင့် ထို အကူအညီ၊ အကာအကွယ် အားရယူသူများကြားတွင် ရာထူးအဆင့် သို့မဟုတ် ရာထူးအာဏာကို လွဲမှားစွာအသုံးပြု၍  မည်သည့် လိင်ပိုင်းဆိုင်ရာ ပတ်သက်ဆက်နွယ်မှုမျှ လုံးဝတားမြစ်

ထားသည်။ အကြောင်းမှာ ယင်းသို့သော ပတ်သက်ဆက်နွယ်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအပေါ် ယုံကြည်ကိုးစားမှု၊ ထိုအကူအညီ၏ သမာသမတ်ရှိမှုတို့အပေါ် အများက အထင်အမြင်သေးနိုင်သောကြောင့်ပင် ဖြစ်သည်။

5. Where a humanitarian worker develops concerns or suspicions regarding sexual abuse or exploitation by a fellow worker, whether in the same agency or not, he or she must report such concerns via established agency reporting mechanisms.

   လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိ၏ အဖွဲ့အစည်းမှ သို့မဟုတ် အခြား အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးဦးသည် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ကျူးလွန်နေသည်ဟု စိုးရိမ်မှု သို့မဟုတ် သံသယရှိလာပါက  အဆိုပါ ဝန်ထမ်းသည် မိမိ စိုးရိမ်မှုနှင့်စပ်လျဉ်းပြီး အဖွဲ့အစည်းအတွင်း သတ်မှတ်ထားရှိပြီးဖြစ်သည့် သတင်းပို့တိုင်ကြားခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်ကြားရမည်။

6. Humanitarian workers are obliged to create and maintain an environment which prevents sexual exploitation and abuse and promotes the implementation of their code of conduct. Managers at all levels have particular responsibilities to support and develop systems which maintain this environment.

   လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများသည် လိင်ပိုင်း ဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု နှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှု တို့ကို တားဆီးသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် နှင့် ထိုပတ်ဝန်းကျင် ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး၊ ၎င်းတို့လိုက်နာရမည့် စံနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်လည်း တာဝန်ရှိသည်။ အဆင့် အသီးသီးရှိ စီမံခန့်ခွဲသူများသည် ထိုသို့သောပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်သည့် နည်းစနစ်များကို အားပေးထောက်ပံ့ရန်နှင့် ဖွံ့ဖြိုးလာရေးဆောင်ရွက်ပေးရန် တာဝန်ရှိသည်။